# ပန်းချီဆရာမ အုံအုံနှင့် အဝါရောင်သံစဉ်များ ပြပွဲ

သတင်းရင်းမြစ် > မိုးသူ
အင်္ဂါနေ့၊ အောက်တိုဘာလ ၂၂ ရက် ၂၀၁၃ ခုနှစ် ၁၁ နာရီ ၁၂ မိနစ်

ပန်းချီဆရာမ အုံအုံ၏ "ကျွန်မနှင့် အဝါရောင်သံစဉ်များ" (My Yellow Rhythm) ပန်းချီပြပွဲကို အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်အထိ ယောမင်းကြီးလမ်းရှိ Gallery 65 တွင် ကျင်းပမည်ဖြစ်သည်။

ယင်းပန်းချီပြပွဲတွင် ပန်းချီကားပေါင်း ၁၅ ကားပြသမည်ဖြစ်ပြီး ထိုပန်းချီကားများသည် ဆီဆေးဖြင့်ရေးဆွဲထားသည်။
ပြသထားသည့်အကြောင်းအရာများမှာ ကုသိုလ်နှင့် အကုသိုလ်အကြောင်း၊ သနားစရာကောင်းသော သတ္တဝါအကြောင်း၊ ဆင်းရဲ နှင့်ချမ်းသာ စသည့်အကြောင်းအရာများကို မြန်မာခေတ်အမူအရာဖြင့် ရောယှက်ပြသထားသော ပန်းချီကားများ ပါဝင်သည်။

ပန်းချီဆရာမအုံအုံက "ဆွဲထားတဲ့ ပန်းချီကားတွေက ကျွန်မရဲ့ခံစားချက်၊ လက်ရာပန်းချီကားတွေဖြစ်တယ်လို့ ခံစားမိပါတယ်။ နောက်ပြီး ဒီပွဲမှာဆွဲထားတဲ့ ပန်းချီကားတွေက သဲအရသာပေါ်လွင်အောင်ဆွဲ ထားပါတယ်" ဟု ပြောသည်။

ပန်းချီဆရာမအုံအုံသည် ပန်းချီလောကသို့ ၂၀၀၈ ခုနှစ်မှစတင်ကာ ဝင်ရောက်ခဲ့ပြီး စိတ်ခံစားချက်ကို ဦးစားပေးသည့် အကြောင်းအရာကို တင်ပြရေးဆွဲလေ့ရှိသည့် ပန်းချီဆရာမတစ်ဦးဖြစ်သည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));
Post
by
Mizzima - News in Burmese
.